# အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်မှ အဆိုပြုထားသည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ တရားဝင်အဖွဲ့ဝင်ဖြစ်မှုနှင့် စပ်လျဉ်း၍ သုံးသပ်မှုပြုလုပ်မည့်အပေါ် ကော်မရှင်၏ သဘောထားထုတ်ပြန်ချက်

၁။ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် အရှေ့တောင်အာရှအမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ ၂၀၂၆ ခုနှစ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်လျက်ရှိသည့် မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သို့ စာတစ်စောင်ပေးပို့ခဲ့ပါသည်။ ယင်းစာတွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့် အရေးကော်မရှင်၏ ဖိုရမ်အဖွဲ့ဝင်ဖြစ်မှုအပေါ် တရားဝင်ပြန်လည်သုံးသပ်မှုပြုလုပ်သွားမည့် အဆိုပြုချက်နှင့် အက္ခရာစဉ်လိုက် အလှည့်ကျစနစ်အရ ၂၀၂၇ ခုနှစ်အတွက် ဖိုရမ်ဥက္ကဋ္ဌ တာဝန်ကို ကော်မရှင်မှ တာဝန်ယူဆောင်ရွက်ရန် အစီအစဉ်အား ပြန်လည်သုံးသပ်စဉ်းစား သွားမည့် အဆိုပြုချက်များ ပါဝင်ပါသည်။ အဆိုပါစာနှင့်စပ်လျဉ်းပြီး ကော်မရှင်က ဖိုရမ်၏ လုပ်ထုံးလုပ်နည်းစည်းမျဉ်း များ (Rules of Procedure - RoP) နှင့် မကိုက်ညီသည့် ပြန်လည်သုံးသပ်မှုပြုလုပ်ရန် ဖိုရမ်၏ အဆိုပြုချက်ကို လက်မခံနိုင်ကြောင်းနှင့် သုံးသပ်မှု ခံယူသွားမည်မဟုတ်ကြောင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ အားလုံးသို့ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ပြန်ကြားစာပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၂။ ကော်မရှင်အနေဖြင့် ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများအားလုံး သို့ ရှင်းလင်းစွာ တုံ့ပြန်ခဲ့ပြီးဖြစ်သော်လည်း မလေးရှားနိုင်ငံလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် “SEANF commences formal review of MNHRC's continued eligibility for membership” ဟူသော မီဒီယာ သတင်းထုတ်ပြန်ချက် ကို ထုတ်ပြန်ခဲ့ပါသည်။

၃။ ဖိုရမ်တွင် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများက အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး အဖွဲ့ဝင်များလိုက်နာရ မည့် လုပ်ထုံးလုပ်နည်းစည်းမျဉ်းများ ရေးဆွဲပြဋ္ဌာန်း၍ ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်ပါ သည်။ ဖိုရမ်၏ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများတွင် ဖိုရမ်အဖွဲ့ဝင်ကော်မရှင် တစ်ရပ်၏ အဖွဲ့ဝင်ဖြစ်မှုအပေါ် သုံးသပ်မှုပြုလုပ်နိုင်သည့် ပြဋ္ဌာန်းချက်မျိုး ပါဝင်ခြင်းမရှိသကဲ့သို့

ဖိုရမ်အား စတင်တည်ထောင်သည်မှစ၍ လက်ရှိအချိန်အထိ သုံးသပ်မှုပြုလုပ်သည့် အစဉ်အလာမရှိခဲ့ပါ။

၄။ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ဖိုရမ်ကြီးကြပ်အုပ်ချုပ်ရေးဘုတ်အဖွဲ့ အထူးအစည်းအဝေးကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အား အသိပေး အကြောင်းကြားခြင်းမရှိဘဲ ကျင်းပခဲ့ပြီး ကျန်ဖိုရမ်အဖွဲ့ဝင် ၅ ဖွဲ့က ကော်မရှင်၏ ဖိုရမ် အဖွဲ့ဝင်ဖြစ်မှုကို ပြန်လည်သုံးသပ်မှုပြုလုပ်ရန် တစ်ဖက်သတ်ဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါ သည်။ အဆိုပါဆောင်ရွက်ချက်သည် ဖိုရမ်၏ ဆုံးဖြတ်ချက်များကို အဖွဲ့ဝင်အားလုံး၏ သဘောတူညီမှု (consensus) ဖြင့် ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသော ဖိုရမ်လုပ်ထုံး လုပ်နည်းစည်းမျဉ်းများ၏ အပိုဒ် ၁၁(၂)၊ ၁၁(၇) နှင့် ၁၇(၄) တို့နှင့် ကိုက်ညီမှုမရှိပါ။ ဖိုရမ်ကြီးကြပ်အုပ်ချုပ်ရေး ဘုတ်အဖွဲ့၏ အထူးအစည်းအဝေးတွင် ကော်မရှင်ကို ချန်လှပ်ပြီး ချမှတ်ခဲ့သော ဆုံးဖြတ်ချက်သည် ဖိုရမ်၏ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများနှင့် မကိုက်ညီရုံ သာမက ခွဲခြားဆက်ဆံမှုမရှိရေး၊ တရားမျှတမှုရှိရေး၊ တန်းတူညီမျှစွာဆက်ဆံရေး စသည့် လူ့အခွင့်အရေး အခြေခံမူများနှင့်လည်း ဆန့်ကျင်နေပါသည်။

၅။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဖိုရမ်အဖွဲ့ဝင်ဖြစ်မှုအပေါ် ပြန်လည် သုံးသပ်မှုပြုလုပ်သွားမည့် စီစဉ်ဆောင်ရွက်ချက်များသည် ဖိုရမ်၏ လုပ်ထုံးလုပ်နည်း စည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိသည့်အပြင် လုပ်ထုံးလုပ်နည်းစည်းမျဉ်းများပါ ပြဋ္ဌာန်းချက် များကို ကျော်လွန်ဆောင်ရွက်ရာရောက်သည့်အတွက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ဖိုရမ်၏ သုံးသပ်မှုပြုလုပ်မည့်တစ်ဖက်သတ်အဆိုပြုချက်အပေါ်လက်မခံ ပယ်ချကြောင်းနှင့် ပါဝင်ပတ်သက်သွားမည်မဟုတ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်